
ဇေယန
(ရာမည)
အောင်မြတ်သာနှင့်
ကြက်တူရွေးစိန်အရုပ်တော်ပုံ

# အောင်မြတ်သာနှင့် ကြက်တူရွေးစိန်အရုပ်တော်ပုံ

အလောင်းမင်းတရား တည်ထောင်ခဲ့တဲ့ ကုန်းဘောင်မင်းဆက်ရဲ့ နောက်ဆုံးမင်းတစ်ပါး ဖြစ်တဲ့ သီပေါဘုရင် ပါတော်မူပြီး နောက်ပိုင်း မြန်မာနိုင်ငံဟာ တိုင်းတစ်ပါးသား မျက်နှာဖြူတွေရဲ့ လက်အောက်ကို ရောက်ရှိခဲ့တယ်။

မြန်မာလူမျိုးတွေ ပိုင်တဲ့ ရေမြေတောတောင် သယံဇာတ ပစ္စည်းအများ စုကိုလည်း နယ်ချဲ့ မျက်နှာဖြူတွေကသာ လက်ဝါးကြီးအုပ် အမြတ်ထုတ်ခဲ့ကြတယ်။ မြန်မာနန်းစဉ် ရတနာတွေအပြင် ရှေးမြန်မာ သူဌေးသူကြွယ်တွေ ပိုင်ဆိုင်ခဲ့ကြတဲ့ ရတနာပစ္စည်းပေါင်း များ စွာဟာလည်း မျက်နှာဖြူနယ် ချဲ့တွေရဲ့ လက်ထဲကို ရောက်ရှိခဲ့တယ်။

အဲဒီထဲမှာ ကြက်တူရွေး နှုတ်သီးလို ကောက်နေတဲ့ စိန်တစ်လုံးလည်း ပါဝင်ခဲ့တယ်။ အရည်အသွေး ပြည့်ဝတဲ့ စိန်တစ်လုံး ဖြစ်တဲ့အတွက် တန်ဖိုးအနဂ္ဃ ဘယ်လောက် တန်တယ် ဆိုတာကိုတော့ မည်သူမှ မတွက်ချက်နိုင်ခဲ့ဘူး။

ကြက်တူရွေးစိန်ကို ရလာတဲ့ အဖြစ်အပျက်ကလည်း ထူးဆန်းနေပြန်တယ်။ မြန်မာနိုင်ငံ သူ့ကျွန်ဘဝ မရောက်ခင်က မန္တလေးနေပြည်တော်မှာ ဦးဘိုးသာဆိုတဲ့ သူဌေးတစ်ဦး ရှိခဲ့ဖူးတယ်။ ဦးဘိုးသာက နိုင်ငံရပ်ခြားကနေ မြန်မာနိုင်ငံကို ကုန်သွယ်နေတဲ့ အင်္ဂလိပ်လူမျိုး

တစ်ယောက်နဲ့ ချိတ်ဆက်မိရင်း ခင်မင်ရင်းနှီးခဲ့တယ်။ တစ်ယောက်အကျိုးစီးပွား တစ်ယောက် ကူညီကြတဲ့ အခြေအနေတွေကြောင့် ဦးဘိုးသာရဲ့ စီးပွားရေးကလည်း ယခင်ကထက် ပိုအဆင်ပြေလာခဲ့တယ်။

ဒီလိုနဲ့ တစ်ရက်မှာ တော့ အင်္ဂလိပ်ကုန်သည် က မြန်မာနိုင်ငံကို မလာဖြစ်တော့ပဲ ဆယ်လလောက် ပျောက်သွားခဲ့တယ်။ ဦးဘိုးသာလည်း မိမိ ယခင်အလုပ်တွေကို ဦးစီးလုပ်ကိုင်ရင်း နေလာခဲ့တယ်။ မှတ်မှတ်ရရ မိုးတွေ အရမ်းသည်းနေတဲ့ ညတစ်ညမှာ ဦးဘိုးသာ အိမ်တံခါးကို လူတစ်ယောက် လာထုတဲ့ အသံကြားလို့ ဖွင့်ကြည့်လိုက်တာ မိုးရေထဲမှာ ရပ်နေတဲ့ အင်္ဂလိပ်ကုန်သည် ကို တွေ့လိုက်ရတယ်။

သူ့ပုံစံက တစ်စုံတစ်ယောက်ကို ကြောက်လန့် နေသလိုလို နောက်ကျော မလုံသလိုလို ဖြစ်နေတဲ့ အတွက် ဦးဘိုးသာက အိမ်ထဲခေါ်ပြီး အဝတ်အစားတွေလည်း ပေးခဲ့တယ်။

အဝတ်အစားတွေ လဲပြီးတဲ့ အချိန် မီးအိမ်အလင်းရောင်နဲ့ မြင်လိုက်ရတဲ့ အင်္ဂလိပ်ကုန်သည် ကို မြင်တော့ ဦးဘိုးသာ အံ့ဩသွားတယ်။

ညိုမည်းပြီး ချိုင့်ဝင်နေတဲ့ မျက်တွင်းအောက်မှာ နီစပ်စပ် အသားအရည်တွေက သွေးစုပ်ဖုတ်ကောင် တစ်ကောင်လို ကြောက်စရာ ကောင်းနေခဲ့တယ်။

ဦးဘိုးသာက အင်္ဂလိပ်ကုန်သည် ရဲ့ အခြေအနေကို မြင်တော့ ...

"ဂျွန် မင်းဘယ်တွေ ပျောက်နေတာလဲ ငါ့ဆီလည်း မလာတာကြာပြီ
"

"ရှူး တိုးတိုး အသားမည်းမည်းနဲ့ ကောင်တွေ ငါ့အနောက်က လိုက်နေတယ် ဒီကောင်တွေကြောင့် ငါအိပ်မရတာ သုံးလလောက်ရှိပြီ"

အင်္ဂလိပ်ကုန်သည် ရဲ့ စကားကြောင့် ဦးဘိုးသာ နားလည်ရ ခက်သွားပြီး ...

"ဟေး ဂျွန် မင်းဘာတွေ ပြောနေတာလဲ မင်းပြောတာ ငါတစ်ခုမှ နားမလည်ဘူး"

"အခု ငါလှေဆိပ်ကနေ ပြေးလာတော့ သူတို့ အနောက်ကနေ ပါလာတယ် မြို့ရိုးထဲကို ဝင်တော့မှ သူတို့ ရပ်သွားတာ သိပ်မကြာခင် သူတို့ ပြန်လိုက်လာကြတော့မယ် ငါ့မှာ အချိန်သိပ်မရဘူး ဒီပစ္စည်းကို ခဏယူထား သိပ်မကြာခင် ငါပြန်လာယူမယ်"

အင်္ဂလိပ် ကုန်သည် က ဦးဘိုးသာ လက်ထဲကို အဝတ်စနဲ့ ပတ်ထားတဲ့ ပစ္စည်းတစ်ခုကို ထည့်ပေးပြီး ဘေးဘီဝဲယာကို ကျိုးကန်းတောင်းမှောက် ကြည့်လိုက်တယ်။

"မင်းအခုပေးတာ ဘာပစ္စည်းလဲ"

"ဒီပစ္စည်းက တန်ဖိုးကြီးတယ် မင်းကိုယုံကြည်လို့ ခဏအပ်ခဲ့တာ သေချာ သိမ်းထားပေး"

" စိတ်ချပါ ငါသိမ်းထားပေးမယ် မင်းကြိုက်တဲ့ အချိန် ပြန်လာယူ ငါလည်း ထုတ်မကြည့်ဘူး"

"ကျေးဇူးတင်တယ် ဘိုးသာ ငါသွားတော့မယ် နောက်တစ်ရက် နှစ်ရက်နေရင် ငါပြန်လာခဲ့မယ်"

အင်္ဂလိပ် ကုန်သည် လည်း ဦးဘိုးသာကို နှုတ်ဆက်ပြီး မိုးရေထဲကို ပြန်ထွက်သွားခဲ့တယ်။ ဦးဘိုးသာလည်း အင်္ဂလိပ်ကုန်သည် လာအပ်သွားတဲ့ ပစ္စည်းကို သေတ္တာတစ်ခုထဲ ထည့်ပြီး လုံခြုံတဲ့ နေရာမှာ သိမ်းထား ပေးခဲ့တယ်။

ဒီလိုနဲ့ သုံးလလောက် အကြာမှာ တော့ အင်္ဂလိပ်ကုန်သည် ပြန်ရောက်လာခဲ့တယ်။ ဒီတစ်ခါ ရောက်လာတဲ့ အချိန်မှာ တော့ အရိုးပေါ် အရေတင်ဖြစ်နေပြီး မျက်လုံးတွေကလည်း ဂနာမငြိမ် ဖြစ်နေခဲ့တယ်။

"ဘိုးသာ မင်းကိုပေးခဲ့တဲ့ ပစ္စည်းက အီဂျစ်ဘုရင်တွေ ပိုင်ဆိုင်တဲ့ ရတနာတစ်ခုပဲ သူတို့ က ဒီပစ္စည်းတွေကို ကျိန်စာ တိုက်ထားတယ် အခု ငါ့အနောက်မှာ လိုက်နေတဲ့ ကောင်တွေက ကျိန်စာတိုက်ထားတဲ့ အထဲမှာ ပါတဲ့ ကောင်တွေ ဒီကောင်တွေ အရမ်းဆိုးတယ် ညဘက်ရောက်တိုင်း ငါ့ဆီ လာပြီး ပစ္စည်းလာတောင်းတယ် မပေးရင် ငါအိပ်မရအောင် နည်းမျိုးစုံနဲ့ ခြောက်လှန့်ကြတယ် အခုပစ္စည်းကို မင်းဆီမှာ အပ်ထားတာ သူတို့ သိသွားကြပြီ ဒါပေမဲ့ မင်းအိမ်ထဲကို သူတို့ ဝင်မရဘူး ငါ ပြန်သွားဦးမယ် နောက်တစ်ခါ သဘော်ာထွက်ရင် ငါ့ပစ္စည်းငါ ပြန်လာယူမယ် အခုတော့ ငါပြန်သွားရဦးမယ်"

"မင်းက ဘယ်ကို သွားမှာ လဲ ငါ့အိမ်မှာ ပဲနေလေ သူတို့ ဝင်မှ မရတာ"

" မဟုတ်ဘူး ငါ့ရဲ့ အခြားပစ္စည်းတွေကို သွားတူးရဦးမယ် နောက်သုံးရက်နေရင် ငါပြန်လာယူမယ်"

အင်္ဂလိပ် ကုန်သည် လည်း ဦးဘိုးသာကို ကယောင်ကတန်းတွေ ပြောပြီး ထွက်သွားပြန်တယ်။ နောက်သုံးရက်နေတော့ ဧရာဝတီမြစ်ဘေးမှာ မျက်လုံးနှစ်လုံးက ဘဲဥလုံးလောက် ထွက်ပြီး သေနေတဲ့ အင်္ဂလိပ်ကုန်သည် ရဲ့ သတင်းကို ကြားလိုက်ရတယ်။

ဦးဘိုးသာလည်း အင်္ဂလိပ်ကုန်သည် သေပြီးဆိုတာ သိတော့ လာအပ်ထားတဲ့ ပစ္စည်းကို ထုတ်ပြီး ကြည့်လိုက်ရာ အရောင်တလက်လက်တောက်ပနေတဲ့ ကြက်တူရွေး နှုတ်သီးပုံစိန်တစ်လုံးကို တွေ့လိုက်ရ

တယ်။

ဦးဘိုးသာလည်း ကြက်တူရွေး နှုတ်သီးသဏ္ဍာန်စိန်တုံးကို လုံခြုံတဲ့ နေရာမှာ သိမ်းထားပြီး ဥပဒေနဲ့ လွတ်ကင်းမကင်း စုံစမ်းခဲ့ပေမဲ့ မည်သူကမျှ ကြက်တူရွေးစိန်နဲ့ ပတ်သက်ပြီး မသိရှိခဲ့ပေ။

ကြက်တူရွေးစိန် ဦးဘိုးသာလက်ထဲ ရောက်ပြီးတဲ့ နေ့က စပြီး ညဘက်ရောက်တိုင်း အိမ်ရှေ့မှာ ခွေးအကောင်ပေါင်း များ စွာ လာရောက်စုဝေးပြီး တစ်စုံတစ်ခုကို မြင်သလို စူးစူးဝါးဝါး ထိုးဟောင်ကြပါ လေရော။

ဦးဘိုးသာရဲ့ အလုပ်သမားတွေ ဘယ်လို မောင်းထုတ်မောင်းထုတ် မသွားဘဲ အိမ်တံခါးဝကို ကြည့်ပြီး အူလိုက် ဟောင်လိုက် ဖြစ်နေတဲ့ အချိန် အိမ်ခေါင်မိုးပေါ်ကို မြေနီမှုန့်တွေ ကျလာခဲ့တယ်။

ကျလာတဲ့ မြေနီမှုန့်တွေက မန္တလေး နေပြည်တော်မှာ မရှိတဲ့ မြေနီတွေ ဖြစ်နေတာကလည်း ထူးဆန်းနေခဲ့တယ်။ ညဘက်ရောက်တိုင်း ထူးဆန်းမှုတွေကြုံနေရတဲ့ ဦးဘိုးသာလည်း ဘာလုပ်ရမှန်းမသိ ဖြစ်နေတဲ့ အချိန် မန္တလေးနေပြည်တော်က နယ်ချဲ့ အင်္ဂလိပ်လက်ထဲကို ထိုးချလိုက်ရတယ်။

နယ်ချဲ့အင်္ဂလိပ်တွေက နေပြည်တော်ကို သိမ်းယူပြီးတဲ့ အချိန် နာမည်ရ သူဌေးသူကြွယ်တွေကို အကြောင်းပြချက်မရှိဘဲ ဖမ်းဆီးကာ ပိုင်ဆိုင်တဲ့ ပစ္စည်းတွေကို လုယူခဲ့တယ်။

ဦးဘိုးသာလည်း မိမိပိုင်ဆိုင်တဲ့ ပစ္စည်းတွေကို ဧရာဝတီ မြစ်ကမ်းဘေးမှာ မြှုပ်နှံပြီး အောက်ပြည်အောက်ရွာကို ရှောင်ထွက်ခဲ့တယ်။ မြှုပ်နှံခဲ့တဲ့ ပစ္စည်းတွေထဲမှာ တော့ ကြက်တူရွေးစိန်လည်း ပါဝင်ခဲ့တယ်။

ပစ္စည်းတွေကို မြှုပ်နှံခဲ့တဲ့ နေရာကိုတော့ သေချာမှတ်ထားပြီး သူ ဝတ်နေကျ ပိုးသားအင်္ကျီထဲမှာ ရတနာမြေပုံကို ရေးဆွဲထားခဲ့တယ်။ အင်္ကျီထဲမှာ ရတနာမြေပုံ ထည့်ထားတာကိုတော့ ဦးဘိုးသာကလွဲပြီး ဘယ်သူမှ မသိရှိခဲ့ဘူး။

ဦးဘိုးသာလည်း အောက်ပြည် အောက်ရွာမှာ ရှောင်တိမ်း နေထိုင်ရင်း ဦးနှောက်သွေးကြော ပြတ်ကာ ရုတ်တရက် ဆုံးပါးသွားတဲ့ အချိန်မှာ တော့ ကျန်ခဲ့တဲ့ မိသားစုတွေက ဦးဘိုးသာ အမြတ်တနိုးနဲ့ ဝတ်ဆင်ခဲ့တဲ့ အင်္ကျီကိုပါရောပြီး မီးသင်္ဂြိုဟ်လိုက်ကြတယ်။ အဲဒီအချိန်ကစပြီး ကြက်တူရွေးစိန်က အစအန ပျောက်ခဲ့ရတယ်။

ကြက်တူရွေးစိန်နဲ့ အတူ အခြား ရတနာပစ္စည်းတွေက ဧရာဝတီမြစ်ကမ်းဘေးမှာ နှစ်ပေါင်းများ စွာ တည်ရှိခဲ့ပြီးတဲ့ နောက် မြန်မာနိုင်ငံ လွတ်လပ်ရေးရကာစ အချိန်မှာ တော့ ဧရာဝတီ မြစ်ကြောင်း တစ်လျှောက် ရေကြောင်း ပြောင်းလဲမှုတွေ ဖြစ်ပေါ် လာပြီး ဦးဘိုးသာ မြှုပ်နှံခဲ့တဲ့ ရတနာပစ္စည်းတွေက ရေစီးနဲ့ အတူ မျောပါခဲ့ရတယ်။

မြန်မာနိုင်ငံ လွတ်လပ်ရေး ရပြီးခါစ တိုင်းပြည် အခြေအနေက ပေါက်ကွဲလုဆဲဆဲ မိုင်းတစ်လုံးလို ဖြစ်နေတဲ့ အချိန် ဆိုးသွမ်း လုယက်ကြတဲ့ သူတွေကလည်း နယ်မြေအလျှောက် ပေါ်ပေါက်လာခဲ့ကြတယ်။

တောရွာဒေသတွေမှာ ဆိုရင် ညဘက် နေဝင်ရီတရော ရောက်တာနဲ့ ရွာစည်းရိုးတွေကို အလုံအခြုံပိတ်ပြီး လှည့်ကင်းစနစ် ဆောင်ရွက်ခဲ့ကြရတယ်။ အခုလည်း ဘုတ်တလုပ် ရွာလေးမှာ ရွာခြံစည်းရိုး ဆောက်ဖို့ ရွာထဲက ကာလသားတွေ ပြင်ဆင်နေကြတယ်။ ရွာကာလသား ခေါင်းဆောင် ကိုညိုကြီးက လွတ်လပ်ရေး မရခင်က စစ်တပ်ထဲမှာ တာဝန် ထမ်းဆောင်ခဲ့တာမို့ ခြံစည်းရိုး ဆောက်ပုံ ဆောက်နည်းတွေကို ရွာသား

တွေကို အသေးစိတ် ရှင်းပြနေခဲ့တယ်။

"ဘိုးတင်နဲ့ ပုလုံး မင်းတို့ နှစ်ကောင်က မြစ်ဘေးမှာ သောက်ရေ သွားခပ်ကွာ ညကျရင် ရွာသူကြီးက အိမ်ကြက်နှစ်ကောင် ပေးမယ် ပြော တယ် ညဘက် ကင်းစောင့်ရင်း ကြက်ကာလသားချက် ချက်စားကြမယ် "

ကြက်ကာလသားချက် ဆိုတဲ့ အသံကြားတာနဲ့ ဘိုးတင်နဲ့ ပုလုံးတို့ နှ စ်ယောက် ထခုန်လိုက်ပြီး ...

"စိတ်ချ ဆရာညို အခုပဲ သွားခပ်လိုက်မယ် အသားဟင်း မစားရတာ ကြာပြီဗျ ရွာသူကြီးက အခုလိုမစတယ် ဆိုတော့ ဒီညတော့ ဗိုက်ခွေးနမ်း ပြီးဗျို့"

"မိကျောင်းသား နှစ်ကောင် စကားမရှည်နေနဲ့ မကြာခင် နေကဝင် တော့မှာ ဒီညခြိစည်းရိုး မပြီးရင် မင်းအမေ့လင် ဓားပြတွေ ဝင်လာတဲ့ အခါ အကုန်မသာပေါ်ကုန်မယ်"

ကိုညိုကြီးရဲ့ စကားကြောင့် ဘိုးတင်နဲ့ ပုလုံး ရေပုံးနှစ်ပုံးစီ ကိုင်ကာ မြစ်ဘေးကို ထွက်လာခဲ့လိုက်တယ်။

ဘုတ်တလုပ်ရွာမှာ နေတဲ့ သူတွေအကုန်လုံး သောက်ရေ သုံးရေ အတွက် ဧရာဝတီမြစ်ကြီးကိုသာ အားကိုးခဲ့ကြရတယ်။ ဧရာဝတီမြစ်ရေ ကိုသောက်၊ မြစ်ရေကိုချိုးပြီး ကြီးပြင်းလာတဲ့ သူတွေဖြစ်လို့ ဘယ်နေရာ မှာ မြစ်ရေကကြည်တယ်၊ နောက်တယ်ဆိုတာ သိကြတယ်။

"ဘိုးတင် ကိုင်းတောစပ်ဘက်ကို သွားခပ်ကြရအောင် အဲဒီဘက်က လူသွားလူလာ သိပ်မရှိတော့ ရေပိုကြည်တယ်"

"အေး ငါလည်း အဲဒီဘက်သွားရင် ကောင်းမလား စဉ်းစားနေတာ မ

င်းနဲ့ ငါအကြံတူတယ် သွားကြရအောင်"